ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး**

၂၇ ရက်မြောက်နေ့ အစည်းအဝေးမှတ်တမ်း အနှစ်ချုပ်

**၁၃၇၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၂ ရက်**

**( ၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက် )**

**[အင်္ဂါနေ့]**

၁။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် သတ္တမပုံမှန်အစည်းအဝေး ၂၇ ရက်မြောက်နေ့ကို ၂၀၁၈ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့ နံနက် ၁၀း၀၀ နာရီအချိန်တွင် စတင်ကျင်းပပါသည်။

**မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း**

၂။ မေးခွန်း မေးမြန်းခြင်းနှင့် ဖြေကြားခြင်း အစီအစဉ်ကို အောက်ပါအတိုင်း ဆောင်ရွက်ခဲ့ပါသည် -

(က) ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၏ **ရခိုင်ပြည်နယ်၊ မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့် မင်းပြားမြို့နယ် ပန်းမြောင်းတိုက်နယ်ကျေးရွာတို့ကြားတွင်ရှိသော ရွာချင်းဆက်လမ်းအား မြေသားဖို့ခြင်းနှင့် ကျောက်ခင်းခြင်း၊ ကျောက်ချောခင်းခြင်းစသည်ဖြင့် အဆင့်တိုးမြှင့် ဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က မြောက်ဦးခရိုင်၊ မြောက်ဦးမြို့နယ် ဂုဏ်ကျွန်းကျေးရွာနှင့် မင်းပြားမြို့နယ် ပန်းမြောင်းတိုက်နယ် ကျေးရွာတို့ ဆက်သွယ်သည့် ကျေးရွာချင်း ဆက်သွယ်ထားသော လမ်းသည် အသစ်ဖောက်လုပ်ရမည့် လမ်းဖြစ်သဖြင့် ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းစာရင်းသို့ သိမ်းသွင်းနိုင်ရေးအတွက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်၍ ဆောက်လုပ်ရေးဝန်ကြီးဌာနပိုင် လမ်းအဖြစ် ရောက်ရှိပါက ဘဏ္ဍာရေးနှစ်အလိုက် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ရာသီမရွေး သွားလာနိုင်သောလမ်းအဖြစ် အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားပါသည်။

( ခ ) ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၏ **ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်အတွင်း ရန်ကုန် - စစ်တွေ ကားလမ်းမှ ကန်စောက် ကျေးရွာ - ကံသုံးဆင့် - ဒုံနာ - နီချေ - အောက်လာ ကျေးရွာအထိ ကျေးရွာချင်းဆက်လမ်းကို ရာသီမရွေး သွားလာနိုင်သည့် ကွန်ကရစ်လမ်း သို့မဟုတ် ကျောက်ချောလမ်း ဖောက်လုပ်ပေးရန်နှင့် ကန်စောက်ကျေးရွာအနီး ယိုးချောင်း ချောင်းလက်တက်တွင် (၁၂၀)ပေ**

**အကျယ် သံကူကွန်ကရစ် တံတားတစ်စင်းတို့ကို ၂၀၁၈ -၂၀၁၉ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က မြေသားလမ်း ဆောင်ရွက်ပြီးစီးပြီ ဖြစ်သည့် ကန်စောက်-ကန်သုံးဆင့် မြေသားလမ်း (၄)မိုင် (၁.၃)ဖာလုံအား ကွန်ကရစ် လမ်းခင်းရန် လုပ်ငန်းနှင့် ယိုးချောင်း လက်တက်(ပန်းပဲချောင်း) တံတား တည်ဆောက်ခြင်း လုပ်ငန်းတို့ကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု မူလခွင့်ပြု ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများ ပြီးစီးပါက ဆောင်ရွက်ရန် ကျန်ရှိသော ဒုံနာ-နီချေ- အောက်လာ ကျေးရွာချင်း ဆက်လမ်း(၃)မိုင်ခန့်အား ပြည်ထောင်စု မူလခွင့်ပြု ရန်ပုံငွေနှင့် ပြည်နယ်အစိုးရ ရန်ပုံငွေတို့တွင် နှစ်အလိုက်ထည့်သွင်း လျာထားပြီး ဆက်လက် အကောင် အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။

(ဂ) ဦးမျိုးထပ်(ခ)ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ချင်းပြည်နယ်၊ ကန်ပက်လက်မြို့နယ်၊ ကာနန်းကျေးရွာအုပ်စုနှင့် ပလက်ဝမြို့နယ်၊ မှုံတနူး ကျေးရွာ အုပ်စု၊ ကာနန်း - ပိုက်တော - မှုံတနူး - ချိုင်းစနူးကြား ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီး ဌာန၊ ဒုတိယဝန်ကြီး ဦးကျော်လင်း က ကန်ပက်လက်မြို့နယ် ကာနန်း လမ်းခွဲမှ ပိုက်တော - ထိုးနူးလမ်း အရှည်(၂၀)မိုင် အကျယ်(၆)ပေ လမ်းအား ဦးစားပေး အဆင့် သတ်မှတ်ထားမှုနှင့် ဒေသခံပြည်သူများ၏ တောင်းဆိုချက်အရ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှ စတင်၍ ဘဏ္ဍာငွေလျာထား တင်ပြတောင်းခံပြီး ရန်ပုံငွေ ခွဲဝေရရှိမှုအပေါ် မူတည်၍ အကောင်အထည်ဖော် ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဖြေကြားပါသည်။

**ဆွေးနွေးခြင်း**

၃။ အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်(၇)ဦးက ဆက်လက် ဆွေးနွေးပါသည်။

၄။ အစည်းအဝေးကို ၁၁း၁၇ နာရီ အချိန်တွင် ရပ်နားပြီး ၂၈ ရက်မြောက်နေ့ အစည်း အဝေးကို ၁၄-၃-၂၀၁၈ ရက်နေ့(ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါသည်။

**အမျိုးသားလွှတ်တော်**